# ဥပဒေဘောက်တော်သား ရဲများကိုယ်တိုင် ဥပဒေကို ကျော်ခိုင်းလာသောအခါ

ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် မညီညွတ်ဘဲ ဖမ်းဆီးထားသော တက္ကသိုလ်ကျောင်းသူတဦးအား ရဲများက မဖွယ်မရာ စစ်ဆေးခြင်းသည် လူ့အခွင့်အရေးများကို ချိုးဖောက်ခြင်း ဖြစ်သည်။ တရားဥပဒေ စိုးမိုးမှု ရှိမနေခြင်းကို ဖော်ပြလျက် ရှိနေသည်။

"*တက္ကသိုလ်ကျောင်းသူတဦး အင်းစိန်ထောင်တွင် အဖမ်းခံထားရ*" ဆိုသည့် သတင်းတပုဒ်ကို ပြည်ပအခြေစိုက် ဒီမိုကရက်တစ် မြန်မာ့အသံ (DVB) မှ ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၂ ရက်နေ့တွင် ဖော်ပြထားသည်ကို ဖတ်ရှုရသည်။

သတင်းတွင်ပါရှိသော အချက်အလက်များအရ ရဲအရာရှိများက အမှုကိုကိုင်တွယ်ပုံမှာ အကြီးအကျယ် လွဲမှား ချွတ်ချော်နေသည်။ ယခင့်ယခင်ကလည်း အလားတူအဖြစ်မျိုးပေါင်းများစွာ ရှိခဲ့ဖူးမည် ဖြစ်သည်။ သို့သော် ယခု အချိန်လို ဒီမိုကရေစီနိုင်ငံဖြစ်သည်ဟု အတိအလင်းကြေညာကာ ဒီမိုကရေစီဖြစ်ထွန်းမှုများဖြင့် အမျိုးသားရေး အဆင့် နိုင်ငံရေးတိုးတက်မှုများကို ထင်ထင်ရှားရှား ကြိုးပမ်းနေချိန်တွင် ဤဖြစ်ရပ်မှာ အတိတ်ကာလများက မနိုင်၍ ခေါင်းငုံ့ခံ အလျှော့ပေးခဲ့ရသော ကိစ္စမျိုးကဲ့သို့ မဖြစ်သင့်တော့ပါ။

အမှုကိုင်တွယ်ပုံများက မည်သည့်နေရာ/ကိစ္စများတွင် မှားယွင်းနေသည်ကို သာမန်အရပ်သားတဦး၏ အမြင်ဖြင့် ထောက်ပြပါမည်။

1. ချက်ချင်းပင် အာမခံပေးနိုင်သောအမှုကို အာမခံ မပေးဘဲ ဖမ်းဆီးခြင်း၊ (လူသတ်မှု၊ မုဒိန်းမှု၊ ဓါးပြတိုက်မှု အစရှိသည်တို့မှာ အခြားလူတို့အတွက် အသက်အန္တရာယ်ကို ချက်ချင်းလက်ငင်းပင် ခြိမ်းခြောက်နေသော ကြောင့် အာမခံ မပေးနိုင်သော အမှုများ ဖြစ်သည်။)
2. အစွပ်စွဲခံရသူက ဖြောင့်ချက်ပေးရန် ဆန္ဒမရှိဘဲ အတင်းအကြပ် ဖြောင့်ချက် ရယူခြင်း။ (အစွပ်စွဲခံရသူက ဖြောင့်ချက်ပေးလိုမှသာ ဖြောင့်ချက်ယူရန် တာဝန်ရှိသော ရဲက ထိုသို့မဟုတ်ဘဲ အတင်းအဓမ္မ အကြပ်ကိုင်၍ စစ်ဆေးမေးမြန်းကာ ဝန်ခံခိုင်းခြင်း။)
3. ရိုင်းစိုင်းယုတ်ညံ့သောစကားများဖြင့် မဖွယ်မရာပြောဆို စစ်ဆေးမေးမြန်းကာ ကာယိန္ဒြေပျက်၊ လူ့သိက္ခာ ညှိုးနွမ်း သေးသိမ်အောင် လုပ်ခြင်း၊
4. ၅ ရက်ဆက်တိုက် စစ်ဆေးပြီး ၃ ရက်မှာ နေ့ရောညပါ စစ်ဆေးခြင်းသည် ညှင်းပန်းနှိပ်စက်သည့် နည်းလမ်း၊ လုပ်ထုံးလုပ်နည်းနှင့် မဆိုင်သော တရားမဝင် နည်းလမ်း ဖြစ်ခြင်း၊
5. အမှုကို စတင်မစစ်ဆေးမီကပင် ရဲအရာရှိတဦးက အစွပ်စွဲခံရသူအား အမှုရှုံးမည်ဟု ကြိုတင် နိမိတ်ပြ လမ်းကြောင်းပေးကာ ခြိမ်းခြောက်ခြင်းနှင့် ဖျားယောင်းသွေးဆောင်ခြင်း၊
6. ၅ ရက်စစ်ဆေးပြီးနောက် အင်းစိန်ထောင်သို့ ပို့ကာ ဖမ်းဆီးထိန်းသိမ်းထားခြင်း၊
7. အမှုစတင်ဖြစ်ပွားပြီး ၃ ပါတ်ကြာမှ တရားရုံးထုတ်ရန်ရှိခြင်း၊
8. အခင်းဖြစ်ပွားသော မြောက်ဥက္ကလာပမြို့နယ်ရှိ တရားရုံးတွင် အများသူငါရှေ့မှောက်၌ တရားစီရင်ရေးကိစ္စ မပြုလုပ်ဘဲ ဖမ်းဆီးထိန်းသိမ်းထားရာ အင်းစိန်ထောင်တွင်း၌သာ တရားရုံးထုတ်ရန်ရှိခြင်း။
9. အထက်ပါ ၈ ချက်အပြင် တရားဥပဒေ ရှုထောင့်မှ ကြည့်ရှုဖော်ထုတ်နိုင်သော အခြားအချက်များ ရှိနိုင်ပါသေးသည်။

အစွပ်စွဲခံရသူ၏ အိမ်သို့ ရဲက လာရောက်ဖမ်းဆီးစဉ် ဖမ်းဝရမ်း ပါမပါ၊ ရပ်ကွက်တာဝန်ရှိ သက်သေလူကြီးများ ပါမပါ သတင်းတွင် ဖော်ပြထားခြင်း မရှိသဖြင့် မသိရပါ။ အမှန်စင်စစ် ဤအမှုသည် ဖမ်းဝရမ်းနှင့် ရပ်ကွက် သက်သေများဖြင့်သာ ဖမ်းဆီးနိုင်သော အမှုမျိုးဖြစ်သည်။ ထို့ပြင် အစွပ်စွဲခံရသူဘက်မှ ရှေ့နေခေါ်ပိုင်ခွင့် ရှိနေသော်လည်း ဖော်ပြပါသတင်းအရ ရှေ့နေခေါ်ခွင့် မရခြင်းလော၊ မခေါ်ဖြစ်ခဲ့ခြင်းလော၊ ရှေ့နေမှ ဝင်ရောက် ဆောင်ရွက်ပိုင်ခွင့် မရခြင်းလော မသိရပါ။

မကြာခဲ့သေးသောရက်များက ကုလသမဂ္ဂမှ လူ့အခွင့်အရေးများဆိုင်ရာ မြန်မာကိုယ်စားလှယ် ကင်တားနားနှင့် မြန်မာအစိုးရအရာရှိကြီးများ တွေ့ဆုံကြရာမှ သိလာရသော အချက်တခုမှာ ပြည်ထဲရေးဝန်ကြီးဌာနတွင် လူ့အခွင့်အရေး သင်တန်းများ ပေးနေခြင်း ဖြစ်သည်။ ရဲနှင့် အကျဉ်းထောင်တို့မှ လက်ရှိကျင့်သုံးနေသော လုပ်ထုံး လုပ်နည်းများအရမှာပင် လူ့အခွင့်အရေးချိုးဖောက်မှုများ ရှိနေသဖြင့် ယင်းတို့ကို ပြန်လည်ပြင်ဆင်ခြင်း မရှိသေးဘဲ သင်တန်းပေးနေခြင်းဖြင့် ထွက်လာမည့် ရလဒ်များမှာ စိတ်ဝင်စားဖို့ကောင်းသည်။

မည်သို့ပင်ဖြစ်စေ ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် မညီညွတ်ဘဲ ဖမ်းဆီးထားသော တက္ကသိုလ်ကျောင်းသူတဦးအား ရဲများက မဖွယ်မရာ စစ်ဆေးခဲ့သည့်ဖြစ်ရပ်က လက်ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၌ ယခင် အာဏာရှင် စစ်အစိုးရခေတ်များ ကဲ့သို့ပင် တရားဥပဒေ စိုးမိုးမှု ကင်းမဲ့နေဆဲ ဖြစ်သည်ကို ကွက်ကွက်ကွင်းကွင်း ဖော်ပြလျက် ရှိနေသည်။

တရားဥပဒေ စိုးမိုးမှု (Rule of law) ဆိုသည်မှာ တရားဥပဒေဆိုင်ရာ စံသတ်မှတ်ချက် ဖြစ်သည်။ ယေဘူယျ အားဖြင့်ဆိုလျှင် ဤသတ်မှတ်ချက်အရ ဥပဒေအထက်တွင် မည်သူမျှ မရှိစေရပါ။ ဥပဒေရှေ့မှောက်တွင် မည်သူမဆို တန်းတူညီမျှမှု ရှိရသည်။ ထို့ပြင် ဥပဒေချိုးဖောက်သူမှလွဲ၍ မည်သူမျှ နိုင်ငံတော်၏ အပြစ်ပေးခြင်း၊ ပြစ်ဒဏ် စီရင်ခံရခြင်း မရှိစေရပါ။ တရားစီရင်ရေးကဏ္ဍဘက်တွင်လည်း မျှတသောတရားရေးစနစ်ကို အခြေခံကာ နည်းလမ်းတကျ လုပ်ဆောင်ရသည်။ ထို့အတူ လူ့အခွင့်အရေးများကို အပြည့်အဝ အာမခံထားနိုင်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ယင်းကို အတိအကျ လိုက်နာရသော လုပ်ထုံးလုပ်နည်းများ၊ စီမံဆောင်ရွက်ရသူများ ရှိရသည်။

တရားဥပဒေစိုးမိုးမှု မရှိပါက အနိုင်ကျင့်မှုများ ဖြစ်လာတတ်သည်။ လူ့အခွင့်အရေး ချိုးဖောက်မှုများကို တာဝန်ရှိသူ အာဏာပိုင်တို့က ကျူးလွန်လာတတ်သည်။ အာဏာအလွဲသုံးစား လုပ်တတ်သည့် ရဲဝန်ထမ်း၊ အကျဉ်းထောင် ဝန်ထမ်းတို့အပါအဝင် အခြားအခြားသောအာဏာပိုင်များ၊ ၎င်းတို့နှင့် နီးစပ်သူများကလည်း တရားဥပဒေ စိုးမိုးမှု မရှိသည်ကို အခွင့်ကောင်းယူ၍ အခြားသူတို့အား အနိုင်ကျင့်တတ်ကြသည်။ အနိုင်ကျင့်ခံရသူ၊ လူ့အခွင့်အရေး ချိုးဖောက်ခံရသူတို့မှာ တရားဥပဒေ၏ အကာအကွယ်ကို မရရှိဘဲ ဖြစ်နေရသည်။ တရားစီရင်ရေးဘက်တွင်လည်း အာဏာအလွဲသုံးစားမှုနှင့် အဂတိလိုက်စားမှုတို့ ရှိလာပြီး ဥပဒေကို မျက်ကွယ်ပြုလျက် တရားစီရင်တတ်ကြသည်။

ဒီမိုကရေစီနိုင်ငံတွင် တရားဥပဒေ စိုးမိုးရေးအတွက် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မီဒီယာတို့မှ မိမိတို့ကဏ္ဍအလိုက် ကျွမ်းကျင်ပိုင်နိုင်စွာ တက်တက်ကြွကြွ လုပ်ဆောင်ရင်း လူထုယုံကြည်မှု၊ အားကိုးမှု၊ ထောက်ခံမှု၊ ပါဝင်ယှိုင်းပင်းမှုတို့ကို အပြည့်အဝ ရယူစေချင်ပါသည်။ ဤသည်မှာ ဒီမိုကရေစီ အဓွန့်ရှည်စွာ အောင်မြင်နေရေးအတွက် အဓိကအချက်များထဲမှ တခု ဖြစ်ပါလိမ့်မည်။

နစ်နာဆုံးရှုံးမှုတခုကို ဖြစ်စေသော လုပ်ရပ်တခု ဖြစ်ပွားနေချိန်တွင် ပြည်သူတို့အနေဖြင့် လုပ်သင့်လုပ်ထိုက်၊ လုပ်နိုင်သော အရေးပါသည့် ကိစ္စတချို့ကို အကြံပေးချင်ပါသည်။

1. လူ့အသိုင်းအဝိုင်းတွင် တရားဥပဒေမဲ့ လုပ်ဆောင်မှုများအပါအဝင် နှစ်နာဆုံးရှုံးမှုများအပေါ် မည်သူမျှ လစ်လျူမရှုသင့်ပါ။
2. နစ်နာဆုံးရှုံးမှုကို ဖြစ်စေသောကိစ္စများ ဖြစ်ပျက်လာပါက မည်သူမဆို မိမိတို့ ရောက်ရှိနေရာမှ အနီးဆုံး ရဲဝန်ထမ်း (သို) ရဲစခန်း၊ သတင်းမီဒီယာဌာန၊ နိုင်ငံရေးပါတီ၊ ဆက်နွယ်မှုရှိသော NGO အဖွဲ့အစည်း၊ ဒေသခံ လွှတ်တော်ကိုယ်စားလှယ်၊ ရေ့နေအဖွဲ့အစည်းတခုခု အစရှိသဖြင့် နစ်နာဆုံးရှုံးမှုကို ကာကွယ်ထိန်းချုပ် တားမြစ်ပေးနိုင်သည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းတခုခုသို့ ရနိုင်သမျှ အထောက်အထားစုံလင်စွာဖြင့် ဆက်သွယ် အကြောင်းကြားသင့်ပါသည်။ အကယ်၍ တဦးချင်းက မလုပ်ဆောင်ရဲလျှင် အုပ်စုဖွဲ့ကာ လုပ်ဆောင်သင့် ပါသည်။
3. နစ်နာဆုံးရှုံးမှုဆိုသည်မှာ အခြေခံအားဖြင့် လူတဦးချင်း၏ မွေးရာပါ ကိုယ်ပိုင်အခွင့်အရေးများနှင့် အခြားသော လူ့အခွင့်အရေးများအား အသုံးပြုပိုင်ခွင့် မရှိခြင်းကြောင့် မိမိ၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်း ဆိုင်ရာများကို ထိခိုက်ပျက်စီးစေခြင်း၊ အကျိုးစီးပွား ဖြစ်ထွန်းတိုးတက်မှုကို ပိတ်ဆို့တားမြစ်ခံရခြင်း တို့ဖြစ်ပြီး ယင်းတို့နှင့် ပတ်သက်သော ဗဟုသုတများကို လေ့လာသိရှိထားသင့်ပါသည်။
4. ပိုမို၍ လုပ်ဆောင်နိုင်သည်ဆိုပါက လက်ရှိအခြေအနေတွင် ပြည်သူ့လွှတ်တော်၌ ဖွဲ့စည်းထားပြီးဖြစ်သော သက်ဆိုင်ရာ လွှတ်တော်ကော်မတီသို့ဖြစ်စေ၊ သမ္မတထံသို့ဖြစ်စေ စုပေါင်းလက်မှတ်ရေးထိုးထားသည့် မေတ္တာရပ်ခံစာ / ကန့်ကွက်စာ / အသနားခံစာ တခုခုကို ပေးပို့လျက် မီဒီယာသို့လည်း တဆက်တည်း အကြောင်းကြားထားသင့်ပါသည်။
5. ယခုအခါတွင် အောင်မြင်စွာ လုပ်ဆောင်နိုင်နေကြပြီဖြစ်သော အခမဲ့နာရေးကူညီမှုအသင်း အပါအဝင် ပရဟိတ ဝန်ဆောင်မှုလုပ်ငန်းများကဲ့သို့ အခမဲ့ ဥပဒေ အကျိုးဆောင်အဖွဲ့များကို ကျယ်ပြန့်စွာ ဖွဲ့စည်းထား သင့်ပါသည်။

လွင်အောင်စိုး
၆-၉-၂၀၁၁